လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ April 2026

# အပူရှောင်စခန်းများဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်** **မကွေးတိုင်းဒေသကြီး**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၏ အမြင့်ဆုံးအပူချိန်သည် ၄၃.၀ (C) ရှိခဲ့သည့်အတွက် ကမ္ဘာ့အပူဆုံးမြို့များစာရင်းတွင် အဆင့်(၁) ဝင်ရောက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိတို့၏နေအိမ်များတွင် နေထိုင်ရန်ခက်ခဲသဖြင့်အပူဒဏ်ကိုတိမ်းရှောင်ရန် လိုအပ်မည့်သူများ အပူရှောင်စခန်း၌ လာရောက်နားခိုနိုင်ရေး အပူရှောင်စခန်းဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် မင်းဘူးမြို့၊ အမှတ် (၃) ရပ်ကွက်၊ ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မင်းဘူးခရိုင်၊ မင်းဘူးမြို့ အပူရှောင်စခန်း ဖွင့်လှစ်နိုင်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် သာသနာ့ဗိမာန်(အောက်ထပ်)တွင်အပူရှောင်စခန်းဖွင့်လှစ်ရန် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ထိခိုက်လွယ်အုပ်စုဝင်များအပါအဝင် ပြည်သူများအနေဖြင့် အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေး အပူဒဏ်ကာကွယ်ရေး နည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ဆောင်ရန်/ ရှောင်ရန်များအား ရှင်းလင်းပြောကြားပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများ ဆက်လက် ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတက

ပေးအပ်သော အလှူငွေကျပ်သိန်း (၃၀၀)နှင့် တန်ဖိုးငွေကျပ် (၉,၀၈၀,၀၀၀) ရှိ ခါတ်ဆားနှင့် အချိုရည်များအားလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့်ထောက်ပံ့ငွေနှင့်အချိုရည်၊သောက်ရေသန့်၊တစ်ကိုယ်ရေသုံးပစ္စည်းများအားလည်းကောင်း ပြည်ထောင်စုဝန်ကြီးများက တာဝန်ရှိသူများထံ လွှဲပြောင်းထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့်အပူရှောင်စခန်းသို့ သွားရောက်၍ အပူရှောင် လာရောက်ကြသော ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များအား ရှင်းလင်းပြောကြားကာ ထောက်ပံ့ငွေနှင့်သောက်ရေသန့်၊အချိုရည်များ ပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်များအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးနေအိမ်များအားကွင်းဆင်းကြည့်ရှုထောက်ပံ့



**၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်** **ပဲခူးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်တွင် ကြို့ပင်ကောက်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇီးကုန်းမြို့နယ်၊ ရပ်ကွက် (၅) ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၈)စုမှ ပြိုကျနေအိမ် (၁၀)အိမ်၊ အမိုးလန်နေအိမ် (၃၇၅)အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးဘုန်းတော်ကြီးကျောင်း (၅) ကျောင်းတို့အတွက် ထောက်ပံ့ငွေ ကျပ် (၂၀၂.၅)သိန်း၊ ဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ(၁၅၅၄)ဦး အတွက် ဆန်ရိက္ခာဖိုးငွေကျပ် (၇၇.၇) သိန်း၊ အိမ်ထောင်စု(၃၈၅)စုအတွက် တန်ဖိုးငွေကျပ် (၁၅.၄)သိန်းရှိ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း Hygene Kit (၃၈၅)စုံ၊ ကြို့ပင်ကောက်မြို့နယ်၊ ရပ်ကွက် (၅)ရပ်ကွက်၊ကျေးရွာအုပ်စု(၂၅)စုမှပြိုကျနေအိမ်(၅၇)အိမ်၊

အမိုးလန်နေအိမ်(၆၃၉)အိမ်၊ တစ်စိတ်တစ်ပိုင်း ပျက်စီး ဘုန်းတော်ကြီးကျောင်း(၈)ကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ် (၃၈၄.၅)သိန်း၊ ဘေးသင့် အိမ်ထောင်စုများမှ လူဦးရေ (၂၂၀၅)ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် (၁၁၀.၂၅)သိန်း၊ အိမ်ထောင်စု(၆၉၆)စုအတွက် တန်ဖိုးငွေကျပ် (၂၇.၈၄) သိန်းရှိ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း Hygene Kit (၆၉၆) စုံ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။


ဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက မတ်လနှောင်းပိုင်းမှ ဇွန်လဆန်း အထိကာလများသည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် လေပြင်းများ တိုက်ခတ်လေ့ရှိသည့် ရာသီကာလဖြစ်ပြီး ပြည်သူလူထုနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ အမိုးလန်ခြင်း၊ ပြိုလဲခြင်းတို့ ဖြစ်ပွားကာ နှစ်စဉ် ငွေကျပ်သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရပါကြောင်း၊ အဆိုပါ ထိခိုက်ဆုံးရှုံးရမှုများကို လျှော့ချနိုင်ရန် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ တိုင်း/ခရိုင်/မြို့နယ်/ရပ်ကွက် ကျေးရွာ အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လေပြင်းဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် နေအိမ်/ အဆောက်အဦများ ကြံ့ခိုင်စေရန်ကြို တင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လေပြင်းတိုက်ခတ်စဉ်နှင့် လေပြင်းတိုက်ခတ်ပြီး နောက်လိုက်နာဆောင်ရွက်ရန်အချက်များကို အများ ပြည်သူသို့ လှည့်လည်အသိပေးကြေငြာခြင်း၊ နိုင်ငံပိုင် မီဒီယာများမှ ထုတ်လွှင့်ခြင်း၊ ဖြစ်ပွားမှုများပြားခဲ့သော ရပ်ကွက်/ ကျေးရွာများကို ရွေးချယ်၍ စံနမူနာပြအဖြစ် ကြံ့ခိုင်မှု အားနည်းသော နေအိမ်များကိုအားဖြည့်မွမ်းမံမှုလက်တွေ့ ဆောင်ရွက် ပြသခြင်းတို့ကို မတ်လဆန်းပိုင်း ကပင်မပြတ် ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် ပြည်သူများအနေဖြင့် အချိန်ရာသီကာလအလိုက်၊ ဒေသ အလိုက်ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များကို မပြတ်သတိပြု၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းဖြင့် သဘာဝဘေး အန္တရာယ်များကြောင့် မိမိတို့၏ အိုးအိမ်စီးပွားဥစ္စာများ ဆုံးရှုံးရမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်းနှင့် ယခုကာလများသည်ရုတ်တရက်မိုးရွာသွန်းခြင်း လျှပ်စီးလက်ခြင်း မိုးကြိုးပစ်ခြင်း၊ လျှပ်တပျက်ရေကြီးခြင်းစသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်တတ်သည့်အတွက် ပြည်သူများ အနေဖြင့် အထူးဂရုပြုနေထိုင်ကြပါရန် ပြောကြားခဲ့ပါသည်။

## အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား အသေးစားဖွံ့ဖြိုးမှု စီမံကိန်းများ (Small Development Projects-SDP) အကောင်အထည်ဖော်နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနက အဆိုပြုခဲ့သည့် " Construction of Preschool at Lewe Township, Nay Pyi Taw (ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့တွင် မူလတန်း ကြိုကျောင်း ဆောက်လုပ်ခြင်း)" နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာနမှ ဝန်ကြီး H.E Mr. Kirti Vardhan Singh ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးအကြီးအကဲ H.E Mr. Abhay Thakur ၊ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံ သံရုံး တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာနမှ ဝန်ကြီး H.E Mr. Kirti Vardhan Singh တို့က စီမံကိန်းနှင့်စပ်လျဉ်း၍ အမှာစကားအသီးသီး

ပြောကြားခဲ့ပြီးနောက်ပြည်ထောင်စုနယ်မြေနေပြည်တော်၊ လယ်ဝေးမြို့တွင် မူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအား လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။




**၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်** **နေပြည်တော်**

## ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း (တတိယအကြိမ်) အား ကြည့်ရှုအားပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် သည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ရက်တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က (၁၄) ၌ ဖွင့်လှစ်လျက်ရှိသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း (တတိယအကြိမ်) သို့ သွားရောက်၍ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက ယခုဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အပေါ် အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် သင်တန်းဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ KG နှင့် Grade-1 တက်ရောက်သည့် ကလေးသူငယ်များအတွက် အကူးအပြောင်းကာလတွင် အဆင်ပြေချောမွေ့ရေးနှင့် ကျောင်းနေပျော်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ကလေးများဖြစ်လာစေရေးကို ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ယခုသင်တန်းကို ဘာသာရပ်များ ပြင်ဆင်ရေးဆွဲပြီး ပို့ချခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ကလေးသူငယ်များအတွက် ကြိုးစားအားထုတ်ဆောင်ရွက်စေလိုကြောင်း၊

သင်တန်းတွင်ပို့ချပေးလိုက်သည့်ကလေးစောင့်ရှောက်ရေး နည်းပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည် အသုံးချခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုး ပြုမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။




**၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်** **နေပြည်တော်**

## သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ (ကယားပြည်နယ်)



ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ အခမ်းအနားအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် လွိုင်ကော်မြို့၊ သာသနာ့ ဗိမာန် တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ် အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်နှင့်ဇနီး၊ ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ကယားပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် အခမ်းအနားသို့ ကန်တော့ခံ တက်ရောက်လာသော လွိုင်ကော်မြို့နယ်အတွင်းရှိ ဘိုး/ဘွား (၈၀)ဦးတို့အား ကန်တော့ချိုးဖြင့် ကန်တော့ပြီး နောက် ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးမှ လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးမှ လည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများမှ လည်းကောင်း လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ ကြကာ ပူတင်းနှင့် အိုဗာတင်းများ တိုက်ကျွေးခဲ့ကြပြီး တာဝန်ရှိသူများမှ ကျန်းမာရေးစောင့်ရှောက်စစ်ဆေးမှု များ ဆောင်ရွက်ပေးခဲ့ပါသည်။

## သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ (ကရင်ပြည်နယ်)

သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ အသက် (၈၅)နှစ်နှင့်အထက် အဘိုး/ အဘွားများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ စုစုပေါင်း (၂၂၀)ဦး တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်မှ နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကာ တက်ရောက်လာကြသော အဘိုး/ အဘွားများအားကန်တော့ချီးဖြင့်ကန်တော့ခဲ့ကြပါသည်။ ဆက်လက်၍ အဘိုး/ အဘွားများအား ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြရာ အဘိုး/ အဘွားများကိုယ်စား အဘိုး (၁)ဦးမှ ဆုတောင်း စကားပြောကြားခဲ့ပြီး အခမ်းအနားအပြီးတွင် အဘိုး/ အဘွားများအား ကုသိုလ်ဖြစ်ဆေးခန်းတွင် အခမဲ့ဆေးစစ်ခြင်း၊ ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခဲ့ပြီး အသက် (၈၅) နှစ်အထက် အဘိုး/ အဘွား (၂၄၇)ဦး အတွက် တစ်ဦးလျှင် အလှူငွေကျပ် ၅၀,၀၀၀ နှုန်းနှင့် လှူဖွယ်ပစ္စည်းတန်ဘိုး ကျပ် ၄၃,၀၀၀ နှုန်း စုစုပေါင်း ၉၃,၀၀၀ နှုန်းဖြင့် လှူဒါန်းမှု စုစုပေါင်းကျပ် ၂၂,၉၇၁,၀၀၀ လှူဒါန်းခဲ့ကြပါသည်။



## တိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီက ကြီးမှုး၍ စွန့်ပစ်ပစ္စည်းများဖြင့် သင်ထောက်ကူ ပစ္စည်းပြုလုပ်ခြင်း၊ အီကိုပရင့်သင်တန်း၊ ခြင်းတောင်းယက်နည်းသင်တန်း၊ အိတ်ချုပ်လုပ်နည်းသင်တန်း၊ အခြေခံပန်းချီသင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



တိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီကကြီးမှုး၍စွန့်ပစ်ပစ္စည်းများဖြင့် သင်ထောက်ကူ ပစ္စည်းပြုလုပ်ခြင်း၊ အီကိုပရင့်သင်တန်း၊ ခြင်းတောင်းယက်နည်းသင်တန်း၊ အိတ်ချုပ်လုပ်နည်း သင်တန်း၊ အခြေခံပန်းချီ သင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးကသင်တန်းဆင်းအမှာစကားပြောကြားခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကလေးအလုပ်သမား များစွာရှိသော်လည်း အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများကို ထိရောက်သော ပြန်လည်ကုစားရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခဲ့သော ပိုင်ရှင်နှင့် အမြတ်ထုတ်သူများအပေါ် ထိရောက်သော အရေးယူမှုများ ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသလို ကလေးများအတွက်လည်း ထိရောက်သော ကုစားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ကလေးသူငယ်များအတွက် ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ ဥပဒေနှင့် ဆက်စပ်လျက်ရှိသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်းများကိုလည်း

အသိပညာပေးခြင်း၊ မိဘနှင့်အုပ်ထိန်းသူများကိုလည်း စီပွားရေးအဆင်ပြေစေရန် အလုပ်အကိုင် အခွင့်အလမ်း များရရှိစေရန် ဆောင်ရွက်ခြင်းတို့ ဆောင်ရွက် ပေးလျက် ရှိကြောင်း အသိပညာပေးဟောပြောခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိစေရန်အတွက် အသက်မွေး ပညာသင်တန်းများဖွင့်ပေးခြင်း၊ရေရှည်ဘဝရပ်တည်နိုင်ရေး အတွက် ကလေးသူငယ်များအား စောင့်ရှောက်လျက် ရှိသလို မိဘများသို့လည်း ဆွေးနွေးပြောကြားပြီး ပညာ သင်ချိန်မှာ ပညာသင်ကြားနိုင်ရေးတို့ကို အထောက်အကူ ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့ဖွင့်လှစ်ခဲ့သည့် သင်တန်းများကတော့ အခြေခံပန်းချီသင်တန်း၊ စွန့်ပစ် ပစ္စည်းများမှ သင်ထောက်ကူပစ္စည်းများ ပြုလုပ်ခြင်း သင်တန်းတို့ကို ကလေးငယ်များအား အခြေခံစနစ်တကျ သင်ကြားနိုင်ရန် ဆရာ၊ ဆရာမများကို သင်ကြားပေးခဲ့ပြီး ဆရာ/ ဆရာမများမှလည်း ကလေးများ အားလုံးအတွက် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဗလ ပြည့်ဝသော ကလေး သူငယ်များဖြစ်လာစေရန်အတွက် သင်ထောက်ကူ ပစ္စည်း များ အခြေခံကာ သဘာဝပတ်ဝန်းကျင် လူနေမှုအဆင့် အတန်း၊ ဘဝမြင့်မားရေးတို့အတွက် အခြေခံကောင်းများ ဖန်တီးပေးရဖြစ်ကြောင်း ကောင်းမွန်သော ဘဝရပ်တည် မှုကိုရရှိစေရန် တပိုင်တနိုင် စီးပွားရေးဖြစ်သည့် အိတ်ချုပ် သင်တန်း၊ Eco print (အီကိုပရင့်) သင်တန်း၊ ခြင်းတောင်းယက်နည်းသင်တန်း များကိုလည်း အချိန်တို အတွင်း သင်ကြားပေး နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

## သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ (တနင်္သာရီတိုင်းဒေသကြီး)



သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့၊ သာသနာ့ဗိမာန်၌ ကျင်းပ ဆောင်ရွက်ခဲ့ရာအခမ်းအနားတွင်တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီဇေယျကျော်ထင် ဦးဇော်နိုင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူ များက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ ခဲ့ကြပြီး ကန်တော့ခံ ဘိုး/ ဘွား (၃၅)ဦးအား တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ ဇေယျကျော်ထင် ဦးဇော်နိုင်ဦးနှင့်ဇနီးဒေါ်သီတဂူဇေယျမိသားစုမှကန်တော့ ပစ္စည်းများနှင့် ဆေးဝါးများအားလည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အာဟာရများ ကျွေးမွေးခြင်း နှင့် ဘိုး/ဘွား(၁)ဦးလျှင်ကန်တော့ငွေနှင့်ကန်တော့ပစ္စည်း စုစုပေါင်းတန်ဖိုး ၈၀,၀၀၀/-နှုန်းစီဖြင့် စုစုပေါင်းတန်ဖိုး ၂,၈၀၀,၀၀၀/-အား လည်းကောင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့နယ် အတွင်းရှိ အသက်(၉၀) နှစ်နှင့် အထက် ဘိုး/ ဘွား (၂၈၂) ဦးအတွက် (၁)ဦးလျှင် ၅၀,၀၀၀/-နှုန်းစီဖြင့် စုစုပေါင်းတန်ဖိုး ၁၄,၁၀၀,၀၀၀/- တိတိအားလည်းကောင်း၊ ကန်တော့ခံ ဘိုး/ ဘွား (၃၅) ဦးအတွက် တစ်ဦးလျှင် ၁၅,၀၀၀/-နှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၂၅,၀၀၀/-အား လူမှုဝန်ထမ်းဦးစီးဌာနမှ လှူဒါန်းခဲ့ရာ ကန်တော့ခံ ဘိုး/ ဘွားများကိုယ်စား အဘိုး (၁) ဦး က ဆုတောင်းမေတ္တာများ ပို့သပေးခဲ့ပါသည်။ အခမ်းအနားအပြီးတွင် ကန်တော့ခံဘိုးဘွား (၃၅) ဦးအား တိုင်းဒေသကြီးကုသရေးဦးစီး ဌာနနှင့် တိုင်းရင်းဆေးသိပ္ပံ ပညာဦးစီးဌာနတို့မှ ကျန်းမာရေးစစ်ဆေး ကုသပေး ခဲ့ပါသည်။

## သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပ (မကွေးတိုင်းဒေသကြီး)

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ဖန်ခါးမြေ ဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်ဇနီး၊ နယ်မြေခံ တပ်နယ်မှ အရာရှိ ကြီးများ၊ တိုင်းဒေသကြီးအစိုးအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ များမှတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များတက်ရောက်

ခဲ့ကြပါသည်။



ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ မကွေးမြို့ဖန်ခါးမြေ ဘိုးဘွားရိပ်သာရှိ ဘိုး/ ဘွား (၂၀) ဦး၊ မကွေးမြို့ပေါ် ရပ်ကွက် (၁၅) ခု တို့မှ ဘိုး/ ဘွား (၄၅) ဦး စုစုပေါင်း ကန်တော့ခံ ဘိုး/ ဘွား (၆၅) ဦး တို့အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး လှူဒါန်းပေးအပ်ကန်တော့ခဲ့ကြပါသည်။

## သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပ (မန္တလေးတိုင်းဒေသကြီး)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ နှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးမျိုးအောင်မှ ဂုဏ်ပြု အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ဝန်ကြီးချုပ်နှင့်ဇနီးမှလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှ လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများမှလည်းကောင်း အခမ်းအနားသို့ ကန်တော့ခံ တက်ရောက်လာသော မန်းတောင်ခြေ ဘိုးဘွားရိပ်သာမှ အဘိုး (၉) ဦးနှင့် အဘွား (၂၆) ဦး တို့အား ကန်တော့ချိုးဖြင့် ကန်တော့ပြီး လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းခဲ့ရာ ကန်တော့ခံ ဘိုး/ ဘွားများ ကိုယ်စား အဘိုး ဦးမြင့်ဆွေမှ ကျေးဇူးတင်စကား ပြောကြားခြင်းနှင့် မေတ္တာပို့သခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌတို့မှ ဘိုး/ ဘွားများအား ရင်းနှီးခင်မင်စွာဖြင့် မိတ်ဆက်ခဲ့ကြပါသည်။



## သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ (ရှမ်းပြည်နယ်)



ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ဦးဆောင်၍ အဘိုး/ အဘွားများအား ပူဇော်ကန်တော့ခဲ့ပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများတို့မှ တောင်ကြီးမြို့ပေါ်ရပ်ကွက် (၂၂) ရပ်ကွက် အတွင်းရှိ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား စုစုပေါင်း (၅၂၄) ဦးတို့အား တစ်ဦးလျှင် ကျပ် ၁၀၀,၀၀၀/- နှုန်းဖြင့် စုစုပေါင်း ဂုဏ်ပြုပူဇော်ကန်တော့ငွေကျပ် (၅၂.၄) သန်း အပြင် အလှူရှင်များမှ လှူဒါန်းငွေများနှင့် လှူဖွယ်ပစ္စည်းများတို့ဖြင့် လှူဒါန်းခဲ့ကြပါသည်။

အခမ်းအနားသို့ အဘိုးအဘွားများနှင့် ဖိတ်ကြားထားသော ဧည့်တော်များ စုစုပေါင်း အင်အား (၄၀၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ စဝ်စံထွန်း ဆေးရုံတို့မှ အဘိုး/အဘွားများအား ကျန်းမာရေးစစ်ဆေးကုသ ပေးခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဧပြီလအတွင်း Talk Show ပြုလုပ်ခြင်း

ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၉-၄-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်း ဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် လေပြင်းဘေး အန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဧပြီလအတွင်း မီးဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်၂၀၂၆ခုနှစ်၊ ဧပြီလတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာနှင့် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက် တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ် (၂)ရပ်ကွက်နှင့်ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြ မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၁၄) ရပ်ကွက်၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ မအူပင်မြို့နယ်၊ ရေလဲကလေး ကျေးရွာအုပ်စု၊ ဖြတ္တပိုင်းကျေးရွာနှင့် သာပေါင်းမြို့နယ်၊ သဲဖြူအုပ်စု၊ သဲဖြူကျေးရွာတို့၌လည်းကောင်း၊ မကွေးတိုင်း ဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဘိုကုန်းကျေးရွာအုပ်စု၊ ဘိုကုန်းကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ ကန်ဆွယ်ကျေးရွာအုပ်စု၊ ရွာသာကြီးကျေးရွာ၊ သရက်မြို့နယ်၊ အမှတ် (၆) အနောက်ရပ်၊ တောင်ပိုင်းရပ်ကွက်တို့၌လည်းကောင်း၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဘားကပ် ကျေးရွာအုပ်စု၊ ဘားကပ်ကျေးရွာ၊ အမှတ်(၃)ရပ်ကွက်နှင့်မိဗိုင်းကျေးရွာအုပ်စု၊အောက်မိဗိုင်းကျေးရွာနှင့် ကော့ကရိတ်မြို့၊ အမှတ် (၅) ရပ်ကွက်တို့၌လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဧပြီလအတွင်း လေပြင်းဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်၂၀၂၆ခုနှစ်၊ ဧပြီလတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ကျေးရွာအုပ်စု (၃) စုမှ ကျေးရွာ (၄) ရွာ၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရပ်ကွက် (၁) ခု၊ ကျေးရွာအုပ်စု (၃) စုနှင့် ကျေးရွာ (၁) ရွာ၊ မိတ္ထီလာမြို့နယ်၊ ရပ်ကွက် (၆) ခု၊ ကျေးရွာအုပ်စု (၁၀) စုမှ ကျေးရွာ (၂၇) ရွာနှင့် သာစည်မြို့နယ်တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ လက်ပံတောကျေးရွာအုပ်စု၊ လက်ပံတောကျေးရွာနှင့် စည်ပင်သာကျေးရွာ၊ စလင်းမြို့နယ်၊ ရပ်ကွက် (၁) ရပ်ကွက်တို့၌လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိ မြို့နယ်၊ အောင်သုခကျေးရွာအုပ်စု၊ အောင်သုခကျေးရွာ၊ လယ်သာကျေးရွာအုပ်စု၊ လယ်သာကျေးရွာ နှင့် ဇလုပ်ကြီးကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ ရန်အောင်မြေကျေးရွာနှင့် ချိုင်းကျေးရွာ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်းကျေးရွာအုပ်စု၊ စည်သာအေးကျေးရွာတို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ သောကြာဒူးအုပ်စု၊သောကြာဒူးကျေးရွာတို့၌လည်းကောင်း မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ်နှင့် လုံးဝပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ တစ်စိတ်တစ်ပိုင်းပျက်စီး ဘာသာရေးကျောင်းများအတွက် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဒဏ်ရာရသူများအတွက် ဒဏ်ရာရထောက်ပံ့ငွေ၊ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဧပြီလအတွင်း မိုးကြိုးဘေးထောက်ပံ့မှု



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၈-၄-၂၀၂၆) ရက်တွင် ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပင်သောင်ကျေးရွာအုပ်စု၊ ရွှေတိုက်တန်းကျေးရွာ၌ မိုးကြိုးပစ်မှုကြောင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေနှင့် ဒဏ်ရာရရှိသူ (၁) ဦး အတွက် ဒဏ်ရာရ ထောက်ပံ့ငွေ တို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဧပြီလအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့မှု



ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၄-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ အမှတ် (၁) ရပ်ကွက်၌ တောဆင်ရိုင်း ဝင်ရောက်မှုကြောင့် လုံးဝပျက်စီးနေအိမ် (၁) လုံးအတွက် အိမ်ဆောင်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူ(၅) ဦးနှင့် ဒဏ်ရရှိသူ (၃)ဦးတို့အတွက် ဒဏ်ရာရထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဧပြီလအတွင်း ထူးခြားဖြစ်စဉ်ဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်၂၀၂၆ခုနှစ်၊ ဧပြီလတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်း အကြမ်းဖက်အဖွဲ့များ၏ တိုက်ခတ်မှုကြောင့် သေဆုံးသူ (၄) ဦးနှင့် ဒဏ်ရာရ (၁) ဦးအတွက် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ မကွေး တိုင်းဒေသကြီး၊ မကွေးမြို့နယ်သို့ တိုက်ပွဲရှောင် ရောက်ရှိလာသည့် အိမ်ထောင်စု (၂) စုအတွက် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကိုလည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မုံပြာ ကျေးရွာ၌ မိုင်းစထိမှန်မှုကြောင့် ဒဏ်ရာရရှိသူ (၁) ဦးအတွက် ဒဏ်ရာရထောက်ပံ့ငွေတို့ကိုလည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## အပူရှောင် သက်ကြီးပုဂ္ဂိုလ်များအား စောင့်ရှောက်ပေးနေမှုများ ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်တွင် မင်းဘူးမြို့၊ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ သက်ကြီးပုဂ္ဂိုလ်များအတွက် ဦးစားပေးဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းသို့ သွားရောက်၍ အပူရှောင် သက်ကြီးပုဂ္ဂိုလ်များအား အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး ကာကွယ်ရေးနည်းလမ်းများ၊ဆောင်ရန်/ရှောင်ရန်များအား အသိပညာပေး ရှင်းလင်းပြောကြားပြီး နိုင်ငံတော်ယာယီသမ္မတက ထောက်ပံ့သည့် ခုတ်ဆားနှင့် အချိုရည်များအား ထောက်ပံ့ပေးအပ်ကာ အပူရှောင် သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက် ပေးနေမှုများအား လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် မင်းဘူးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) လက္ခဏာများ ဖြစ်ပေါ်ပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် အပူရှောင်နေ့ဘက် ပြင်ပလူနာ စောင့်ရှောက်ရေးဌာန၊ Heat Stroke လူနာစမ်းသပ်ခန်း၊ ဆေးနှင့် ဆေးဝါးများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကာ မကွေးမူလတန်းကြိုကျောင်းတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်လည်းရင်းရင်းနှီးနှီးတွေ့ဆုံ၍လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့ နေအိမ်များတွင် နေထိုင်ရန် ခက်ခဲပြီး အပူဒဏ်တိမ်းရှောင်ရန် လိုအပ်သူများအတွက် အပူရှောင် စခန်းများအား မကွေးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်နှင့် နတ်မောက်မြို့နယ်များတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်မှ စတင်ဖွင့်လှစ်ပေးထားပြီး အပူရှောင်လာရောက်သူများအား သဘာဝ ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အပူဒဏ်ကာကွယ်နိုင်ရေး ဆောင်ရန်/ ရှောင်ရန်များအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။



၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက် မကွေးတိုင်းဒေသကြီး



